## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်
# တိုင်းဒေသကြီး/ပြည်နယ်များ၏
# တတိယ(၃)လပတ် (ဧပြီလမှဒွန်လအထိ)
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ
# (In Year Report)

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်

## တတိယ (၃) လပတ် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ (In Year Report)

၁။ တိုင်းဒေသကြီး/ ပြည်နယ်များ အဆင့်ဌာနအဖွဲ့အစည်းများ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ တတိယ (၃)လပတ် လျာထားချက်အပေါ် ယာယီရငွေ၊ သုံးငွေနှင့် လုပ်ငန်း အကောင်အထည်ဖော်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် | | |
|---|---|---|---|---|
| | | လျာထားချက် | အကောင်အထည်ဖော်နိုင်မှု | အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း |
| (က) | ရငွေ | ၁,၀၀၆,၃၁၃.၇၄၄ | ၁,၁၂၆,၅၇၁.၀၅၇ | ၁၁၁.၉၅% |
| | သာမန် | ၉၆၅,၂၉၇.၀၇၉ | ၁,၁၀၂,၀၉၆.၁၄၃ | ၁၁၄.၁၇% |
| | ငွေလုံးငွေရင်း | ၁၆,၅၀၂.၆၁၂ | ၅,၆၄၉.၂၃၃ | ၃၄.၂၃% |
| | ကြွေးမြီ | ၂၄,၅၁၄.၀၅၃ | ၁၈,၈၂၅.၆၈၁ | ၇၆.၈၀% |
| (ခ) | သုံးငွေ | ၇၄၂,၄၇၇.၃၆၂ | ၇၄၅,၂၇၄.၄၃၈ | ၁၀၀.၃၈% |
| | သာမန် | ၂၀၅,၉၈၂.၁၉၃ | ၂၀၇,၂၂၉.၈၇၅ | ၁၀၀.၆၁% |
| | ငွေလုံးငွေရင်း | ၅၃၆,၄၉၅.၁၆၉ | ၅၃၈,၀၄၄.၅၆၃ | ၁၀၀.၂၉% |
| | ကြွေးမြီ | | | |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+ ) ၂၆၃,၈၃၆.၃၈၂ | (+ ) ၃၈၁,၂၉၆.၆၁၉ | |

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် (ဧပြီလမှ ဇွန်လအထိ) တိုင်းဒေသကြီး/ ပြည်နယ်များ၏ ယာယီရငွေသုံးငွေများကို နောက်ဆက်တွဲ (က) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို နောက်ဆက်တွဲ (ခ) ဖြင့်လည်းကောင်း ဖော်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် (ဧပြီလမှ ဇွန်လအထိ)
## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၉၇,၆၆၉.၅၄၄ | ၅၁,၇၀၄.၁၄၅ | +၄၅,၉၆၅.၃၉၉ | ၉၆,၂၄၄.၁၆၀ | ၄၅,၁၀၉.၇၃၇ | +၅၁,၁၃၄.၄၂၃ | ၉၈.၅၄% | ၈၇.၂၅% |
| ၂ | ကယားပြည်နယ် | ၉၇၆.၆၅၄ | ၁၈,၄၈၃.၃၈၇ | -၁၇,၅၀၆.၇၃၃ | ၃၀,၈၇၅.၁၉၃ | ၂၀,၆၃၅.၉၅၃ | +၁၀,၂၃၉.၂၄၀ | ၃၁၆၀.၃၂% | ၁၁၁.၆၅% |
| ၃ | ကရင်ပြည်နယ် | ၄၃,၁၂၀.၉၃၀ | ၁၉,၄၉၇.၉၃၃ | +၂၃,၆၂၂.၉၉၇ | ၄၃,၃၅၅.၃၆၀ | ၁၉,၅၃၈.၂၅၆ | +၂၃,၈၁၇.၁၀၄ | ၁၀၀.၅၄% | ၁၀၀.၂၁% |
| ၄ | ချင်းပြည်နယ် | ၇၁,၇၇၆.၁၀၂ | ၃၉,၃၅၉.၅၈၃ | +၃၂,၄၁၆.၅၁၉ | ၇၁,၉၉၈.၅၂၆ | ၃၆,၂၁၁.၃၆၁ | +၃၅,၇၈၇.၁၆၅ | ၁၀၀.၃၁% | ၉၂.၀၀% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၀၁၄.၅၈၈ | ၆၈,၇၄၂.၀၉၅ | -၅၈,၇၂၇.၅၀၇ | ၁၀၂,၆၁၈.၃၃၇ | ၇၄,၃၄၀.၄၆၃ | +၂၈,၂၇၇.၈၇၄ | ၁၀၂၄.၆၉% | ၁၀၈.၁၄% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၆,၈၅၇.၇၀၃ | ၄၂,၆၉၆.၇၅၁ | +၃၄,၁၆၀.၉၅၂ | ၈၂,၃၃၉.၃၄၆ | ၄၂,၅၀၂.၈၈၅ | +၃၉,၈၃၆.၄၆၁ | ၁၀၇.၁၃% | ၉၉.၅၅% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇၂,၆၇၅.၁၇၇ | ၅၆,၇၆၄.၇၁၅ | +၁၅,၉၁၀.၄၆၂ | ၇၄,၇၆၉.၀၆၇ | ၅၅,၇၃၁.၃၇၉ | +၁၉,၀၃၇.၆၈၈ | ၁၀၂.၈၈% | ၉၈.၁၈% |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၂၄.၅၈၂ | ၄၄,၈၂၃.၁၃၈ | -၃၉,၆၉၈.၅၅၆ | ၈,၀၄၀.၃၂၅ | ၅၁,၅၀၃.၃၂၉ | -၄၃,၄၆၃.၀၀၄ | ၁၅၆.၉၀% | ၁၁၄.၉၀% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၀၄,၅၉၃.၃၀၃ | ၆၄,၇၀၂.၈၃၀ | +၃၉,၈၉၀.၄၇၃ | ၉၀,၀၄၂.၆၈၀ | ၆၄,၆၃၉.၈၆၇ | +၂၅,၄၀၂.၈၁၃ | ၈၆.၀၉% | ၉၉.၉၀% |
| ၁၀ | မွန်ပြည်နယ် | ၄၉,၀၃၁.၇၆၆ | ၃၁,၈၃၉.၂၉၀ | +၁၇,၁၉၂.၄၇၆ | ၄၉,၅၈၂.၂၉၅ | ၃၁,၈၀၉.၆၇၉ | +၁၇,၇၇၂.၆၁၆ | ၁၀၁.၁၂% | ၉၉.၉၁% |
| ၁၁ | ရခိုင်ပြည်နယ် | ၈၈,၁၆၀.၇၆၇ | ၄၂,၉၀၃.၅၃၀ | +၄၅,၂၅၇.၂၃၇ | ၈၇,၆၃၁.၂၆၃ | ၄၂,၉၀၄.၅၉၀ | +၄၄,၇၂၆.၆၇၃ | ၉၉.၄၀% | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၈၂,၄၀၇.၂၄၃ | ၁၅၀,၉၈၈.၅၃၈ | +၃၁,၄၁၈.၇၀၅ | ၁၈၃,၀၄၃.၉၀၉ | ၁၅၀,၃၇၇.၂၀၂ | +၃၂,၆၆၆.၇၀၇ | ၁၀၀.၃၅% | ၉၉.၆၀% |
| ၁၃ | ရှမ်းပြည်နယ် | ၁၂၆,၁၇၆.၀၆၈ | ၆၉,၉၁၄.၆၉၂ | +၅၆,၂၆၁.၃၇၆ | ၁၂၆,၅၀၈.၄၃၆ | ၆၉,၉၁၄.၆၉၂ | +၅၆,၅၉၃.၇၄၄ | ၁၀၀.၂၆% | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇၇,၇၂၉.၃၁၇ | ၄၀,၀၅၆.၇၃၅ | +၃၇,၆၇၂.၅၈၂ | ၇၉,၅၂၂.၁၅၉ | ၄၀,၀၅၅.၀၄၅ | +၃၉,၄၆၇.၁၁၄ | ၁၀၂.၃၁% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၁,၀၀၆,၃၁၃.၇၄၄ | ၇၄၂,၄၇၇.၃၆၂ | +၂၆၃,၈၃၆.၃၈၂ | ၁,၁၂၆,၅၇၁.၀၅၇ | ၇၄၅,၂၇၄.၄၃၈ | +၃၈၁,၂၉၆.၆၁၉ | ၁၁၁.၉၅% | ၁၀၀.၃၈% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် (ဧပြီလမှ ဇွန်လအထိ)

## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | ၉၇,၆၆၉.၅၄၄ | ၉,၄၉၇.၉၄၉ | +၈၈,၁၇၁.၅၉၅ | ၉၆,၂၄၄.၁၆၀ | ၁၀,၃၅၆.၅၈၄ | +၈၅,၈၈၇.၅၇၆ | ၉၈.၅၄% | ၁၀၉.၀၄% |
| ၂ | ကယားပြည်နယ် | ၉၇၆.၆၅၄ | ၃,၂၆၇.၈၃၂ | -၂,၂၉၁.၁၇၈ | ၃၀,၈၁၂.၀၀၃ | ၃,၀၀၆.၅၄၈ | +၂၇,၈၀၅.၄၅၅ | ၃၁၅၄.၈၅% | ၉၂.၀၀% |
| ၃ | ကရင်ပြည်နယ် | ၄၃,၁၂၀.၉၃၀ | ၃,၅၄၀.၅၀၈ | +၃၉,၅၈၀.၄၂၂ | ၄၃,၃၅၅.၃၆၁ | ၃,၅၄၀.၅၂၀ | +၃၉,၈၁၄.၈၄၁ | ၁၀၀.၅၄% | ၁၀၀.၀၀% |
| ၄ | ချင်းပြည်နယ် | ၇၁,၇၇၆.၁၀၂ | ၈,၇၈၈.၅၅၅ | +၆၂,၉၈၇.၅၄၇ | ၇၁,၉၉၈.၁၂၆ | ၈,၇၁၆.၃၂၂ | +၆၃,၂၈၁.၈၀၄ | ၁၀၀.၃၁% | ၉၉.၁၈% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀,၀၁၄.၅၈၈ | ၁၈,၄၇၄.၆၈၆ | -၈,၄၆၀.၀၉၈ | ၁၀၂,၆၁၈.၀၈၁ | ၁၉,၂၅၅.၀၈၉ | +၈၃,၃၆၂.၉၉၂ | ၁၀၂၄.၆၉% | ၁၀၄.၂၂% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၆,၈၅၇.၇၀၃ | ၆,၅၅၁.၈၃၉ | +၇၀,၃၀၅.၈၆၄ | ၈၂,၂၇၀.၉၂၁ | ၆,၃၅၉.၀၈၈ | +၇၅,၉၁၁.၈၃၃ | ၁၀၇.၀၄% | ၉၇.၀၆% |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇၂,၆၇၅.၁၇၇ | ၂၀,၁၅၅.၄၀၀ | +၅၂,၅၁၉.၇၇၇ | ၇၄,၇၆၁.၉၀၃ | ၂၀,၁၅၅.၄၀၀ | +၅၄,၆၀၆.၅၀၃ | ၁၀၂.၈၇% | ၁၀၀.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၁၂၄.၅၈၂ | ၁၈,၀၈၂.၉၁၄ | -၁၂,၉၅၈.၃၃၂ | ၈,၀၄၀.၃၂၅ | ၁၈,၃၉၁.၇၈၄ | -၁၀,၃၅၁.၄၅၉ | ၁၅၆.၉၀% | ၁၀၁.၇၁% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၈၆,၈၇၇.၁၇၀ | ၂၇,၇၆၄.၈၆၅ | +၅၉,၁၁၂.၃၀၅ | ၈၈,၄၃၉.၂၃၁ | ၂၇,၇၆၁.၅၀၂ | +၆၀,၆၇၇.၇၂၉ | ၁၀၁.၈၀% | ၉၉.၉၉% |
| ၁၀ | မွန်ပြည်နယ် | ၄၉,၀၁၀.၉၃၆ | ၈,၆၉၇.၁၁၄ | +၄၀,၃၁၃.၇၈၂ | ၄၉,၅၈၂.၂၃၇ | ၈,၆၆၇.၅၄၃ | +၄၀,၉၁၄.၆၉၄ | ၁၀၁.၁၇% | ၉၉.၆၆% |
| ၁၁ | ရခိုင်ပြည်နယ် | ၈၇,၆၁၆.၅၄၂ | ၉,၂၄၈.၀၀၁ | +၇၈,၃၆၈.၅၄၁ | ၈၇,၆၃၁.၂၆၃ | ၉,၂၄၉.၀၆၁ | +၇၈,၃၈၂.၂၀၂ | ၁၀၀.၀၂% | ၁၀၀.၀၁% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၅၉,၇၃၈.၇၁၆ | ၃၇,၀၄၀.၉၃၆ | +၁၂၂,၆၉၇.၇၈၀ | ၁၆၀,၃၇၅.၃၉၀ | ၃၆,၈၉၈.၈၈၁ | +၁၂၃,၄၇၆.၅၀၉ | ၁၀၀.၄၀% | ၉၉.၆၂% |
| ၁၃ | ရှမ်းပြည်နယ် | ၁၂၆,၁၃၆.၇၃၈ | ၂၄,၀၈၉.၂၁၅ | +၁၀၂,၀၄၇.၅၂၃ | ၁၂၆,၄၆၉.၁၀၆ | ၂၄,၀၈၉.၂၁၅ | +၁၀၂,၃၇၉.၈၉၁ | ၁၀၀.၂၆% | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇၇,၇၀၁.၆၉၇ | ၁၀,၇၈၂.၃၃၉ | +၆၆,၉၁၉.၃၅၈ | ၇၉,၄၉၈.၀၃၆ | ၁၀,၇၈၂.၃၃၈ | +၆၈,၇၁၅.၆၉၈ | ၁၀၂.၃၁% | ၁၀၀.၀၀% |
| | စုစုပေါင်း | ၉၆၅,၂၉၇.၀၇၉ | ၂၀၅,၉၈၂.၁၉၃ | +၇၅၉,၃၁၄.၈၈၆ | ၁,၁၀၂,၀၉၆.၁၄၃ | ၂၀၇,၂၂၉.၈၇၅ | +၈၉၄,၈၆၆.၂၆၈ | ၁၁၄.၁၇% | ၁၀၀.၆၁% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် (ဧပြီလမှ ဇွန်လအထိ)
## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | ၄၂,၂၀၆.၁၉၆ | -၄၂,၂၀၆.၁၉၆ | | ၃၄,၇၅၃.၁၅၃ | -၃၄,၇၅၃.၁၅၃ | | ၈၂.၃၄% |
| ၂ | ကယားပြည်နယ် | | ၁၅,၂၁၅.၅၅၅ | -၁၅,၂၁၅.၅၅၅ | ၆၃.၁၉၀ | ၁၇,၆၂၉.၄၀၅ | -၁၇,၅၆၆.၂၁၅ | | ၁၁၅.၈၆% |
| ၃ | ကရင်ပြည်နယ် | | ၁၅,၉၅၇.၄၂၅ | -၁၅,၉၅၇.၄၂၅ | | ၁၅,၉၉၇.၇၃၆ | -၁၅,၉၉၇.၇၃၆ | | ၁၀၀.၂၅% |
| ၄ | ချင်းပြည်နယ် | | ၃၀,၅၇၁.၀၂၈ | -၃၀,၅၇၁.၀၂၈ | ၀.၄၀၀ | ၂၇,၄၉၅.၀၃၉ | -၂၇,၄၉၄.၆၃၉ | | ၈၉.၉၄% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၅၀,၂၆၇.၄၀၉ | -၅၀,၂၆၇.၄၀၉ | ၀.၂၅၆ | ၅၅,၀၈၅.၃၇၄ | -၅၅,၀၈၅.၁၁၈ | | ၁၀၉.၅၈% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | ၃၆,၁၄၄.၉၁၂ | -၃၆,၁၄၄.၉၁၂ | ၆၈.၄၂၅ | ၃၆,၁၄၃.၇၉၇ | -၃၆,၀၇၅.၃၇၂ | | ၁၀၀.၀၀% |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၃၆,၆၀၉.၃၁၅ | -၃၆,၆၀၉.၃၁၅ | ၇.၁၆၄ | ၃၅,၅၇၅.၉၇၉ | -၃၅,၅၆၈.၈၁၅ | | ၉၇.၁၈% |
| ၈ | မကွေးတိုင်းဒေသကြီး | | ၂၆,၇၄၀.၂၂၄ | -၂၆,၇၄၀.၂၂၄ | | ၃၃,၁၁၁.၅၄၅ | -၃၃,၁၁၁.၅၄၅ | | ၁၂၃.၈၃% |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁,၄၈၃.၈၂၃ | ၃၆,၉၃၇.၉၆၅ | -၂၅,၄၅၄.၁၄၂ | ၁,၀၆၃.၁၁၄ | ၃၆,၈၇၈.၃၆၅ | -၃၅,၈၁၅.၀၅၁ | ၉.၂၆% | ၉၉.၈၄% |
| ၁၀ | မွန်ပြည်နယ် | ၂၀.၈၃၀ | ၂၃,၁၄၂.၁၃၆ | -၂၃,၁၂၁.၃၀၆ | ၀.၀၅၈ | ၂၃,၁၄၂.၁၃၆ | -၂၃,၁၄၂.၀၇၈ | ၀.၂၈% | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | ၅၄၄.၂၂၅ | ၃၃,၆၅၅.၅၂၉ | -၃၃,၁၁၁.၃၀၄ | | ၃၃,၆၅၅.၅၂၉ | -၃၃,၆၅၅.၅၂၉ | | ၁၀၀.၀၀% |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၄,၃၈၇.၇၁၅ | ၁၁၃,၉၄၇.၆၀၂ | -၁၀၉,၅၅၉.၈၈၇ | ၄,၃၈၇.၇၀၇ | ၁၁၃,၄၇၈.၃၂၁ | -၁၀၉,၀၉၀.၆၁၄ | ၁၀၀.၀၀% | ၉၉.၅၉% |
| ၁၃ | ရှမ်းပြည်နယ် | ၃၉.၃၃၀ | ၄၅,၈၂၅.၄၇၇ | -၄၅,၇၈၆.၁၄၇ | ၃၉.၃၃၀ | ၄၅,၈၂၅.၄၇၇ | -၄၅,၇၈၆.၁၄၇ | ၁၀၀.၀၀% | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၂၆.၆၈၉ | ၂၉,၂၇၄.၃၉၆ | -၂၉,၂၄၇.၇၀၇ | ၁၉.၃၈၉ | ၂၉,၂၇၂.၇၀၇ | -၂၉,၂၅၃.၃၁၈ | ၇၂.၆၅% | ၉၉.၉၉% |
| | စုစုပေါင်း | ၁၆,၅၀၂.၆၁၂ | ၅၃၆,၄၉၅.၁၆၉ | -၅၁၉,၉၉၂.၅၅၇ | ၅,၆၄၉.၂၃၃ | ၅၃၈,၀၄၄.၅၆၃ | -၅၃၂,၃၉၅.၃၃၀ | ၃၄.၂၃% | ၁၀၀.၂၉% |

## ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် (ဧပြီလမှ ဇွန်လအထိ)
## တိုင်းဒေသကြီး/ပြည်နယ်များ၏ ယာယီရငွေ၊ သုံးငွေစာရင်း
## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | တတိယ (၃) လပတ်အတွက် လျာထားချက် | | | တတိယ(၃) လပတ် အတွက် ယာယီစာရင်း | | | တတိယ(၃) လပတ် အတွက် လျာထားချက် အပေါ်အကောင်အထည် ဖော်နိုင်မှု % | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ ရရှိမှု ရာခိုင်နှုန်း | သုံးငွေ သုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | ကချင်ပြည်နယ် | | | | | | | | |
| ၂ | ကယားပြည်နယ် | | | | | | | | |
| ၃ | ကရင်ပြည်နယ် | | | | | | | | |
| ၄ | ချင်းပြည်နယ် | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | | | | | | | |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၂၃၂.၃၀၀ | | +၆,၂၃၂.၃၀၀ | ၅၄၀.၁၃၅ | | +၅၄၀.၁၃၅ | ၈.၆၇% | |
| ၁၀ | မွန်ပြည်နယ် | | | | | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၈,၂၈၀.၈၁၂ | | +၁၈,၂၈၀.၈၁၂ | ၁၈,၂၈၀.၈၁၂ | | +၁၈,၂၈၀.၈၁၂ | ၁၀၀.၀၀% | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၀.၉၃၁ | | +၀.၉၃၁ | ၄.၇၃၄ | | +၄.၇၃၄ | ၅၀၈.၄၉% | |
| | စုစုပေါင်း | ၂၄,၅၁၄.၀၅၃ | - | +၂၄,၅၁၄.၀၅၃ | ၁၈,၈၂၅.၆၈၁ | - | +၁၈,၈၂၅.၆၈၁ | ၇၆.၈၀% | |

တိုင်းဒေသကြီး/ ပြည်နယ်များ၏ ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ်၊ တတိယ (၃) လပတ်အတွက် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေအား သုံးသပ်တင်ပြချက်

ရငွေ

၁။ ၂၀၁၈-၂၀၁၉ ခု ၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ်တွင် တိုင်းဒေသကြီး/ ပြည်နယ် (၁၄) ခု၏ စုစုပေါင်းရငွေကို ကျပ် ၁,၀၀၆,၃၁၃.၇၄၄ သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁,၁၂၆,၅၇၁.၀၅၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၁၁.၉၅ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုရရှိခြင်းမှာ အောက်ပါတို့ကြောင့်ဖြစ်ပါသည် -

(က) **သာမန်ရငွေ။** လျာထား ကျပ် ၉၆၅,၂၉၇.၀၇၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၁၀၂,၀၉၆.၁၄၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ရာခိုင်နှုန်း ၁၁၄.၁၇ ဖြစ်ပါသည်။ လျာထားချက်ထက်ပိုမိုရရှိခြင်းမှာ -

(၁) ကယားပြည်နယ်။ လျာထား ကျပ် ၉၇၆.၆၅၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀,၈၁၂.၀၀၃ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၃၁၅၄.၈၅ ဖြစ်ပါသည်။ ပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လွိုင်ကော်နှင့်ဒီးမော့ဆိုမြို့နယ်တို့တွင် ကောက်ခံရန်ကျန်ရှိသည့် နှစ်ဟောင်းရေခွန်ကြွေးကျန်များနှင့် နှစ်အပေါ်စီးကြပ်သည့်ရေခွန်များ ပေးသွင်းခြင်း၊ပြည်နယ်တရားလွှတ်တော်ရုံးတွင် အခြားရာဇဝတ်မှုမှဒဏ်ငွေ ကောက်ခံမှုများပြားလာခြင်း၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးတွင် အိမ်လခကောက်ခံ ရငွေနှင့် သတင်းစာဟောင်းရောင်းရငွေများ ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် ဝန်ထမ်းအင်အားတိုးလာခြင်းကြောင့် အိမ်လခရငွေများ၊ မီးသတ်ဦးစီးဌာနတွင် အထပ်မြင့်အဆောက်အဦ စစ်ဆေးခရငွေများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများမှ ဓာတ်သတ္တုခွန်များပေးသွင်းခြင်း ၊ကျေးရွာမြေဂရန်များမှ အခွန်အခရငွေများနှင့် ပိုပေးမိငွေမှပြန်ရငွေများ၊ စိုက်ပျိုးရေးဦးစီးဌာနတွင် ပြည်နယ်မျိုးစေ့လုပ်ငန်းမှလျာထားငွေမရှိသော်လည်းမျိုးစေ့အရောင်းဆိုင်မှ လိုင်စင်ကြေးများပေးသွင်းထားသည့် ရငွေများ ၊ ငါးလုပ်ငန်းဦးစီးဌာနတွင် ငါးမွေးမြူသူလုပ်ငန်းရှင်များသည် သတ်မှတ်ကာလအတွင်း လိုင်စင်ခွန်များလာရောက်ပေးသွင်းခြင်း ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် စည်ပင်သာယာ

သားသတ်ကောင်ရေ (အရှင်) စစ်ဆေးခြင်းအတွက် ရငွေများ၊ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနတွင် လုပ်ငန်းရှင်မှတ်ပုံတင်ကြေးများ ၊ သက်တမ်းတိုးကြေးများ ၊ သက်တမ်းလွန်ဒဏ်ကြေးများရရှိခြင်း၊ ရက်ကန်းကျောင်းမှကျောင်းရက်ထည်များရောင်းချရခြင်းနှင့် စာရင်းစစ်ကန့်ကွက်ချက်အရ တည်ဆောက်ရေးကုမ္ပဏီမှ ပိုထုတ်ငွေပြန်လည်ပေးသွင်းခြင်း ၊ ခရီးစရိတ်နှင့်လစာ ပိုထုတ်ငွေပြန်လည်ပေးသွင်းခြင်း၊ သစ်တောဦးစီးဌာနတွင် လမ်းခင်းကျောက်ထုတ်လုပ်ခြင်း၊ ကျောက်ကျင်းအရေအတွက်အလိုက် အခွန်ကောက်ခံရရှိခြင်း ၊ ဆင်လိုင်စင်အခွန်များပေးသွင်းခြင်း၊ သစ်စက်လိုင်စင်ကြေး ပေးသွင်းခြင်း ၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းရငွေများ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် တည်ဆောက်ရေး လုပ်ငန်းများမှ မယ်စဲ့မြို့နယ်ရုံးကျောက်စီမြေထိန်းနံရံနှင့် မြေညှိခြင်းလုပ်ငန်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒဏ်ကြေးငွေများနှင့်စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းရငွေများ၊ လမ်းဦးစီးဌာနတွင် တင်ဒါလျှောက်လွှာရောင်းချရငွေ၊ ဒဏ်ကြေးငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းရငွေများ ၊ စည်ပင်သာယာရေးအဖွဲ့တွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အဦအတွက် ပစ္စည်းခွန်များ၊ မော်တော်ယာဉ်များနှင့်ဆိုင်ကယ်များအပေါ်ကောက်ခံသည့်ဘီးခွန်ရရှိငွေပိုမိုရရှိခြင်း၊ အခြားရငွေများဖြစ်သောအဆောက်အအုံစစ်ဆေးခ၊စီးပွားရေးကြော်ငြာဆိုင်းဘုတ်ခ၊ ရေပေးခြင်းမှရငွေ ၊ စားသောက်ဆိုင်လိုင်စင်၊ အန္တရာယ်ရှိသောလုပ်ငန်းလိုင်စင်နှင့် အခြားရငွေများပိုမိုရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၂) <u>စစ်ကိုင်းတိုင်းဒေသကြီး။</u> လျာထား ကျပ် ၁၀,၀၁၄.၅၈၈ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀၂,၆၁၈.၀၈၁ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၂၄.၆၉ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် လျာထားချက်တွင်မပါဝင်သည့် ၂၀၁၆-၂၀၁၇ ခု ၊ ဘဏ္ဍာရေးနှစ် (မိုး+နွေ) သီးနှံများကောက်ခံခဲ့ပါသဖြင့် လျာထားချက်ထက်ပိုမိုရရှိခဲ့ခြင်း ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် ဟုမ္မလင်းမြို့နယ်ဥပဒေရုံး ရုံးဆောက်လုပ်ရာမှ

စာရင်းစစ်စစ်ဆေးရာ ကွာခြားငွေပြန်လည်ပေးသွင်းရခြင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတွင်ယစ်မျိုးခွန်နှုန်းထားများပိုမိုလာသဖြင့်လျာထားချက်ထက်ပိုမို ရရှိခြင်း၊ မြေငှားဂရမ်ခွင့်ပြု ချထားပေးခြင်းအတွက် အခွန်ငွေများကြိုတင် ကောက်ခံခြင်း၊ ဓါတ်သတ္တုထုတ်လုပ်မှုတိုင်းအတွက် အခွန်ငွေပေးသွင်း စေခြင်းကြောင့်ပိုမိုခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင် အင်း၊တင်ဒါလျှော်ကြေး လွှာကြေးများနှင့် ဘဏ္ဍာသိမ်းပစ္စည်းများရောင်းချခြင်း၊ အင်း ၊ တင်ဒါ ငါးဖမ်းကွက်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တွင် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ဆောင်ရွက်မှုအတွက်ရငွေ များကို နိုင်ငံတော်မှအခွန်တိုးမြှင့် ကောက်ခံခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် လုပ်ငန်းရှင်မှတ်ပုံတင်အသစ်များ၊ သက်တမ်းတိုးမြှင့်ကြေးများ၊ ကာဒ်လဲကြေး၊ ဒဏ်ကြေး၊ မိတ္တူကြေးများမှရငွေများ ခန့်မှန်းသည်ထက်ပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနတွင် ထင်း၊ မီးသွေး၊ ဝါး စသည်တို့ဖြင့် သက်ဆိုင်သော အခွန်တော်များ၊ အသေးအဖွဲ့ခေါင်းစဉ်များ လျာထားချက်ထက်ပိုမိုကောက်ခံရရှိခြင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတွင်တင်ဒါလျှော်ကြေး ရောင်းရငွေများပိုမိုရရှိခြင်းနှင့် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနတွင် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေအား ပထမ (၃) လပတ် လျာထားစဉ်က ပထမအကြိမ်ရရှိသည့် ထောက်ပံ့ငွေကိုသာ လျာထားရမည် ဖြစ်သော်လည်း တစ်နှစ်လုံးအတွက် ထောက်ပံ့မည့်ငွေရပ်ကို အပြည့်လျာထား မိသဖြင့် စာရင်းညှိနှိုင်းချက်အရ တတိယ (၃) လပတ်လျာထားချက်တွင် လျှော့နည်း ဖော်ပြရပြီး တတိယ(၃) လပတ်အတွင်းတွင် အမှန်တကယ်ရရှိသောကြောင့် တတိယ (၃) လပတ် အကောင်အထည် ဖော်မှုရာခိုင်နှုန်းမှာများနေရခြင်း စသည် တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(၃) <u>မကွေးတိုင်းဒေသကြီး။</u> လျာထား ကျပ် ၅,၂၂၄.၅၈၂ သန်း၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၈,၀၄၀.၃၂၅ သန်း၊အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၅၆.၉၀ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ရေနံစိမ်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အပိုတံဆိပ်ခေါင်းခွန်၊ ရေနံသယ်ဆောင်ခ၊ တိရိစ္ဆာန်သယ်ဆောင်ခရငွေများ ပိုမိုရရှိခြင်း၊ တရားရုံးများသည် မော်တော်ယာဉ်ဒဏ်ငွေနှင့် ယစ်မျိုးမှုများမှ

ရငွေများပိုမိုရရှိခြင်း၊ ဥပဒေရုံးသည် တင်ဒါလျှောက်လွှာ ရောင်းရငွေပိုမိုရရှိခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ပွဲမိန့်များပေးသွင်းခြင်း၊ ခေတ်သတ္တုခွန်များအား လုပ်ငန်းရှင်များမှ အပြေအကြေပေးသွင်းခဲ့သဖြင့် ပိုမိုရရှိခြင်း၊ ငါးလုပ်ငန်းဦးစီးဌာနတွင်ဂရန်အင်းများ၊ တင်ဒါပိုက်ချက်များနှင့် ရေချိုငါးဖမ်းကိရိယာခွန် ကောက်ခံခြင်းများမှပိုမိုရရှိခြင်း၊ ငါးသားပေါက်နှင့် ဘဏ္ဍာသိမ်းပစ္စည်းများရောင်းချရခြင်းတို့ကြောင့်ပိုမိုရရှိခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရိစ္ဆာန်များကျန်းမာရေး နှင့်ဖွံ့ဖြိုးရေးအရ ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်မှုရငွေ ဈေးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းကြောင့် ပိုမိုရရှိခြင်း၊ သမဝါယမဦးစီးဌာနသည် ပေးသွင်းရန်လျာထားသည့် သမဝါယမအသင်း အရေအတွက်ထက် ပေးသွင်းထားခြင်းကြောင့် ပိုမိုရရှိခြင်း ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် ခေတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများ တိုးလာခြင်းကြောင့် ပိုမိုရရှိခြင်း၊ သစ်တောဦးစီးဌာနသည် မျောစာခွန်၊ သစ်တောမှုလျော်ကြေး၊ သစ်စက်လိုင်စင်ကြေးများမှပိုမိုရရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် တင်ဒါလျှောက်လွှာပုံစံရောင်းရငွေများ ပိုမိုရရှိခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနသည် တင်ဒါလျှောက်လွှာရောင်းရငွေများနှင့် စာရင်းစစ်မှတ်ချက်အရ ပြန်သွင်းငွေများကြောင့် ပိုမိုရရှိခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနသည် အခြားဆိုင်ခန်းငှားရမ်းခများ ပိုမိုရရှိခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည်အဆောက်အဦငှားရမ်းခများပိုမိုရရှိခြင်း၊စည်ပင်သာယာရေးအဖွဲ့သည် အဆောက်အအုံ၊ မြေခွန်၊ ပစ္စည်းခွန်နှင့် ဘီးခွန်များတိုးလာခြင်း၊ အဆောက်အအုံစစ်ဆေးခြင်း၊ ရေပေးခြင်း၊ စားသောက်ဆိုင်နှင့်ဘေးအန္တရာယ်မှရငွေနှင့် သားသတ်လိုင်စင်များမှရငွေများပိုမိုရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(ခ) ငွေလုံးငွေရင်းရငွေ။ လျာထား ကျပ် ၁၆,၅၀၂.၆၁၂ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅,၆၄၉.၂၃၃ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၃၄.၂၃ ဖြစ်ပါသည်။

(ဂ) ကြွေးမြီရငွေ။ လျာထား ကျပ် ၂၄,၅၁၄.၀၅၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၈၂၅.၆၈၀ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၇၆.၈၀ ဖြစ်ပါသည်။

အသုံးစရိတ်

၂။ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ်တွင် တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခု၏ စုစုပေါင်းအသုံးစရိတ်ကို ကျပ် ၇၄၂,၄၇၇.၃၆၂ သန်း လျာထားခဲ့ရာ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၇၄၅,၂၇၄.၄၃၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်းအားဖြင့် ၁၀၀.၃၈ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်းမှာ အောက်ပါတို့ကြောင့်ဖြစ်ပါသည် -

(က) **သာမန်အသုံးစရိတ်။** လျာထား ကျပ် ၂၀၅,၉၈၂.၁၉၃ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ်၂၀၇,၂၂၉.၈၇၅ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၀.၆၁ ဖြစ်ပါသည်။

(၁) <u>ကချင်ပြည်နယ်။</u> လျာထား ကျပ် ၉,၄၉၇.၉၄၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀,၃၅၆.၅၈၄ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၉.၀၄ ဖြစ်ပါသည်။ပြည်နယ်အစိုးရအဖွဲ့၏ ပစ္စည်းများဝယ်ယူခြင်းနှင့်ဆောင်ရွက်ပေးမှုအတွက် ကုန်ကျစရိတ်ခေါင်းစဉ်တွင် မဟာသင်္ကြန်ပွဲတော်ကျင်းပခြင်းနှင့် လျှပ်စစ်မီတာခ အသုံးစရိတ်များများပြားခြင်း၊ ပြည်နယ်တရားလွှတ်တော်ရုံးတွင် တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီးများ အကျဉ်းထောင်များသွားရောက်စစ်ဆေးခြင်းကြောင့် ပိုမိုရခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရီးစရိတ်တွင် အရာထမ်းများနှင့်အမှုထမ်းများ တာဝန်အရခရီးသွားလာမှု များပြားခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်တွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်တို့၏ ဝန်ထမ်းအိမ်ရာ ပြုပြင်ခြင်းများ ၊ ပညာရေးနှင့် လူမှုရေး အသုံးစရိတ်တွင် ပြည်နယ်ရုံးအတွက်သာ ရန်ပုံငွေခွဲဝေချထားပေးခြင်းဖြစ်သော်လည်း အခြားမြို့နယ်ခွဲများအတွက် ထုတ်ယူသုံးစွဲခဲ့ရခြင်း၊ ဆားလုပ်ငန်းဌာနခွဲမှဝန်ထမ်းများ သင်တန်းတက်ရောက်ခြင်း၊ နေပြည်တော်သို့ ရာထူးတိုးစာမေးပွဲ သွားရောက်ဖြေဆိုရခြင်း၊ ကုန်တင်ကုန်ချကော်မတီရုံးမှ ဖားကန့်မြို့နယ် ရုံးအဆောက်အဦသို့ သွားရောက်စစ်ဆေးခဲ့ရခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ တတိယသုံးလပတ်အတွက် လျာထားမှုမရှိခဲ့သော်လည်း လစာ၊စရိတ်ခေါင်းစဉ်တွင် ဝန်ထမ်းတစ်ဦး ရာထူးတိုးမြှင့်သွားခြင်း၊ လုပ်အားခခေါင်းစဉ်တွင် ရုံးပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်အားခနှင့် မီးချောင်းလဲလှယ်တပ်ဆင်ခြင်းနှင့် ပရိဘောဂများပြောင်းရွှေ့ရခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်းဖြစ်ပါသည်။

(၂) စစ်ကိုင်းတိုင်းဒေသကြီး။ လျာထား ကျပ် ၁၈,၄၇၄.၆၈၆ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၉,၂၅၅.၀၈၉ သန်း၊အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၄.၂၂ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ဆည်မြောင်းဦးစီးဌာနမှ ဆည်၊ မြောင်း၊ တမံလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်၍ ပိုမိုသုံးစွဲခြင်း၊ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များ၊ အစည်းအဝေးနှင့်အခမ်းအနားများ ကျင်းပမှုများပြားခြင်းကြောင့် ဧည့်ခံကျွေးမွေးစရိတ်ပိုမိုသုံးစွဲရခြင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် ပြင်ဆင်ထိန်းသိမ်းစရိတ်များအား တတိယ(၃) လပတ်တွင်မှ အပြည့်အဝသုံးစွဲခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ရုံးသုံးပစ္စည်းများအတွက် ပြင်ဆင်ခြင်းသာ လျာထားခဲ့သော်လည်း ပြပွဲအတွက် ရုံးတွင်းရုံးပြင် လျှပ်စစ်မီးချောင်းများ၊ မီးခလုတ်များ ပြန်လည်ပြင်ဆင်မှုများပြုလုပ်ရခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် မုံရွာစီးပွားရေးတက္ကသိုလ်မှ ကျောင်းသား၊ကျောင်းသူများအတွက် Internship သင်တန်းဖွင့်လှစ်ရသဖြင့် ကျွေးမွေးစရိတ်များထုတ်ယူရခြင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် တိုင်းအဆင့်ပုဂ္ဂိုလ်ကြီးများနေအိမ် ပြင်ဆင်ထိန်းသိမ်းစရိတ်များပေးချေရခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် ပင်စင်ဦးစီးဌာနမှ ပင်စင်စားများအား (၁/၂၀၁၉) လမှစ၍ ပင်စင်လစာတိုးမြှင့်သတ်မှတ်ခြင်း စသည်တို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်းဖြစ်ပါသည်။

(၃) မကွေးတိုင်းဒေသကြီး။ လျာထား ကျပ် ၁၈,၀၈၂.၉၁၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၈,၃၉၁.၇၈၄ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၁.၇၁ ဖြစ်ပါသည်။ မီးသတ်ဦးစီးဌာနတွင် ထပ်မံခန့်ထားသော တပ်ဖွဲ့ဝင်များအတွက် လစာနှင့်စရိတ်ချီးမြှင့်ငွေများ ပိုသုံးရခြင်း၊ စက်ကိရိယာများနှင့် မီးသတ်ယာဉ်များပြုပြင်ခြင်း၊အားကစားနှင့်ကာယပညာဦးစီးဌာနတွင်အားကစားပြိုင်ပွဲများ၊ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကျင်းပခြင်း၊ လမ်းဦးစီးဌာနတွင် လမ်း၊တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်ရခြင်း စသည်တို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်းဖြစ်ပါသည်။

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်။ လျာထား ကျပ် ၅၃၆,၄၉၅.၁၆၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၃၈,၀၄၄.၅၆၃ သန်း၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၀.၂၉ ဖြစ်ပါသည်။ လျာထားချက်ထက်ပိုမိုရခြင်းမှာ-

(၁) ကယားပြည်နယ်။ လျာထား ကျပ် ၁၅,၂၁၅.၅၅၅သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၇,၆၂၉.၄၀၅ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၁၅.၈၆ ဖြစ်ပါသည်။ ပြည်နယ်အစိုးရအဖွဲ့တွင် ပထမ(၃) လပတ်နှင့် ဒုတိယ(၃) လပတ်တို့တွင် တင်ဒါလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ၊ စက်ကိရိယာတန်ဆာပလာဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ထုတ်ယူသုံးစွဲမှုပိုမိုရခြင်း၊ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်း ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးနေအိမ် ပြီးစီးမှု (၂၅%) လျာထားသော်လည်း (၅၀%) ပြီးစီးသဖြင့် ထုတ်ယူခဲ့ခြင်း၊ သမဝါယမဦးစီးဌာနတွင် လွိုင်ကော်မြို့နယ်ရုံး နောက်ခန်းတိုးချဲ့ခြင်းနှင့် ဒီးမော့ဆိုမြို့နယ်ရုံး ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ဖရူဆိုမြို့နယ်ရုံးအမိုးမျက်နှာကြက်ပြုလုပ်ခြင်း၊အုတ်ရေကန်ပြုလုပ်ခြင်း၊ဘော်လခဲရုံးခြံစည်းရိုးကာရံခြင်း၊ ရေချိုးခန်းဆောက်လုပ်ခြင်း၊ လုပ်ငန်းများအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ရရှိသဖြင့် ထုတ်ယူသုံးစွဲနိုင်ခြင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် တည်ဆောက်ရေးလုပ်ငန်းများအပေါ် (၂၅%) လျာထား သော်လည်း(၅၀%) ပြီးစီးသဖြင့်ထုတ်ယူခဲ့ခြင်း၊ သစ်တောဦးစီးဌာနတွင်လမ်းတံတား၊ အခြားလုပ်ငန်းများ ၊ မိတ္တူကူးစက်နှင့် ကရိန်း (၁) စီး ဝယ်ယူခြင်းတို့တွင် လျာထားချက်မရှိသော်လည်း ဒုတိယ(၃) လပတ်၌ လုပ်ငန်း(၁၀၀%) ပြီးစီးခဲ့ပြီး ငွေထုတ်ယူနိုင်ခြင်းမရှိခြင်းကြောင့် တတိယ(၃) လပတ်မှသာ ထုတ်ယူနိုင်ခဲ့ခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ပြည်နယ်အားကစားရုံ (၁) ရုံနှင့် ဖရူဆိုအားကစားရုံ (၁) ရုံ ဆောက်လုပ်ပြီးစီးမှုအတွက် (၇၅%) ထုတ်ယူခဲ့ခြင်း၊ ဒေါဥခူထောင့်လေးထောင့် မီးဆိုင်းတပ်ဆင်ခြင်း၊ LED စကိုးဘုတ်တပ်ဆင်ခြင်း နှင့် 315 KVA ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်း (၇၅%) ထုတ်ယူခဲ့ခြင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ရုံးသုံးစက်ကိရိယာ(၂) မျိုးအားဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့ခြင်း၊ လမ်းဦးစီးဌာနတွင် လမ်း၊တံတား လုပ်ငန်းများအတွက် လျာထားချက်ပိုမိုဆောင်ရွက်နိုင်ခဲ့ခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ရခြင်းဖြစ်ပါသည်။

(၂) စစ်ကိုင်းတိုင်းဒေသကြီး။ လျာထား ကျပ် ၅၀,၂၆၇.၄၀၉ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၅၅,၀၈၅.၃၇၄ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၀၉.၅၈ ဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနဆိုင်ရာများမှ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းစီမံကိန်းသစ်များတွင် ဒုတိယ(၃)လ ပတ်မှ လက်ကျန်ငွေများ ဆက်လက်သုံးစွဲခြင်းကြောင့် တတိယ(၃) လပတ်တွင် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းတွင် တင်ဒါလုပ်ငန်းများမှ ကုမ္ပဏီများ၏အသုံးစရိတ်များသည်တတိယ(၃) လပတ်တွင်မှ ထုတ်ယူကြသောကြောင့် သုံးငွေလျာထားချက်ထက် ပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့တွင် တည်ဆောက်ရေးလုပ်ငန်းများ တတိယ(၃) လပတ်အတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း စသည်တို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲရခြင်း ဖြစ်ပါသည်။

(၃) မကွေးတိုင်းဒေသကြီး။ လျာထား ကျပ် ၂၆,၇၄၀.၂၂၄ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၃,၁၁၁.၅၄၅ သန်း ၊ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း ၁၂၃.၈၃ ဖြစ်ပါသည်။ ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ မော်တော်ယာဉ်အကြီးစား ပြင်ဆင်ခြင်း၊ လွှတ်တော်ရုံးပင်မအဆောက်အဦ External Work လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ Air Con System မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရုံးသုံးပရိဘောဂများဝယ်ယူရန် တတိယ(၃) လပတ်မှသာ ငွေထုတ်ယူခွင့်ရရှိခြင်း၊ ရုံးသုံးစက်ကိရိယာများဝယ်ယူရန် တည်ဆောက်ရေးလုပ်ငန်းများစိစစ်ရေးနှင့်ပစ္စည်း ဝယ်ယူမှုစိစစ်ရေးကော်မတီ၏ ဈေးနှုန်းအတည်ပြုချက်ရရှိခြင်း၊ သင်တန်းကျောင်း စားဖိုဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ၁၀၀% ပြီးစီးခြင်း၊ လေးခန်းတွဲဝန်ထမ်း အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း ၇၅% ပြီးစီးသဖြင့် ငွေထုတ်ယူခွင့်ပြုခြင်း၊ သစ်စေ့ဘဏ်ဝင်း၊ မြို့မပျိုးဥယျာဉ်ဝင်းနှင့် ဒေါင်းနေပျိုးဥယျာဉ်ဝင်းတို့ ခြံစည်းရိုး ကာရံခြင်း၊၂ ခန်းတွဲရေလောင်းအိမ်သာနှင့် Germination House ဆောက်လုပ်ခြင်း၊ Transformer တပ်ဆင်ခြင်း၊ ထွန်စက်၊ မြေသယ်ယာဉ် (ကန့်လန့်ဂျီ)မြက်ဖြတ်စက် များနှင့် ရုံးသုံးစက်ကိရိယာများသုံးစွဲခြင်း ၊ ပစ္စည်းတင်သွင်းမှုများပေးချေခြင်း၊ ဆောအားကစားကွင်း ကျောက်ရိုးစီခြင်းလုပ်ငန်းပြီးစီးခြင်း၊ ကတ္တရာသံချောင်းနှင့် ဘိလပ်မြေပစ္စည်းများအတွက် ငွေပေးချေရခြင်းနှင့်စည်ပင်သာယာရေးအဖွဲ့များတွင်

စက်ရေတွင်းတူးဖော်ခြင်း၊ မြို့တွင်းရေပိုက်များ ပြုပြင်ဖာထေးခြင်း၊ စင်မြင့်ရေကန် ပြုလုပ်ခြင်း၊ စည်ပင်နှင့်ပြည်သူပူးပေါင်းဆောင်ရွက်သည့် လမ်းတံတားများ ဆောင်ရွက်ခြင်း စသည်တို့ကြောင့် လျာထားချက်ထက်ပိုမိုသုံးစွဲရခြင်းဖြစ်ပါသည်။

သုံးသပ်တင်ပြချက်

၃။ (က) တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် ရငွေပိုင်းတွင် သာမန်ရငွေနှင့် အခွန်အကောက်ရငွေများ ပိုမိုရရှိခဲ့ပါသည်။ ထိုသို့ပိုမိုရရှိခြင်းမှာ အခွန်အကောက်ရငွေတွင် နှစ်ဟောင်းရေခွန်ကြွေးကျန်များနှင့် နှစ်အပေါ်စည်းကြပ်သည့် ရေခွန်များပေးသွင်းခြင်း ၊ ယစ်မျိုးခွန်နှုန်းထားများပိုမိုလာသဖြင့် လျာထားချက်ထက်ပိုမိုရရှိခြင်း၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များသည် သတ်မှတ်ကာလအတွင်း လိုင်စင်ခွန်များလာရောက်ပေးသွင်းခြင်း ၊ ဓာတ်သတ္တုခွန်များအား လုပ်ငန်းရှင်များမှ အပြေအကြေပေးသွင်းခဲ့သဖြင့်ပိုမိုရရှိခြင်း၊ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အဦအတွက် ပစ္စည်းခွန်များ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များအပေါ် ကောက်ခံသည့်ဘီးခွန်ရရှိငွေ ပိုမိုရရှိခြင်း၊ သာမန်ရငွေတွင် အိမ်လခရငွေများ၊ မီးသတ်ဦးစီးဌာနၣ် အထပ်မြင့်အဆောက်အဦ စစ်ဆေးခရငွေများ၊ စာရင်းစစ်ကန့်ကွက်ချက်အရ တည်ဆောက်ရေးကုမ္ပဏီမှ ပိုထုတ်ငွေပြန်လည်ပေးသွင်းခြင်း၊ စီးပွားရေးကြော်ငြာဆိုင်းဘုတ်ခ၊ ရေပေးခြင်းမှရငွေ၊ စားသောက်ဆိုင်လိုင်စင်၊ အန္တရာယ်ရှိသော လုပ်ငန်းလိုင်စင်နှင့် အခြားရငွေများပိုမိုရရှိခြင်း၊ တင်ဒါလျှောက်လွှာရောင်းရငွေများ ပိုမိုရရှိခြင်း၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် ရေနံစိမ်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အပိုတံဆိပ်ခေါင်းခွန် ၊ရေနံသယ်ဆောင်ခ၊ တိရိစ္ဆာန်သယ်ဆောင်ခရငွေများ ပိုမိုရရှိခြင်း၊ မော်တော်ယာဉ်ဒဏ်ငွေနှင့် ယစ်မျိုးမှုများမှရငွေများပိုမိုရရှိခြင်း၊ တိရိစ္ဆာန်များကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ ခေတ်နှင့်လျော်ညီစွာ ဆောင်ရွက်မှုရငွေဈေးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းကြောင့်ပိုမိုရရှိခြင်း စသည်တို့ကြောင့် လျာထားချက်ထက်ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(ခ) အသုံးစရိတ်ပိုင်းအနေဖြင့်သာမန်အသုံးစရိတ်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်တို့တွင် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ပါသည်။ သာမန်အသုံးစရိတ်တွင် လျှပ်စစ်မီတာခအသုံးစရိတ်များများပြားခြင်း၊ ခရီးစရိတ်တွင် အရာထမ်းများနှင့်အမှုထမ်းများတာဝန်အရ ခရီးသွားလာမှုများပြားခြင်း၊ ညှိခံကျွေးမွေးစရိတ်နှင့် ပြင်ဆင်ထိန်းသိမ်းစရိတ်များတွင် ပိုမိုသုံးစွဲခြင်း၊ ပင်စင်လစာတိုးမြှင့်သတ်မှတ်ခြင်းကြောင့် လျာထားချက်ထက်ပိုမိုခြင်းနှင့်

ငွေလုံးငွေရင်းအသုံးစရိတ်တွင် တင်ဒါလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် တည်ဆောက်ရေးလုပ်ငန်းများ၊ စက်ကိရိယာတန်ဆာပလာ ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းကြောင့် ပိုမိုသုံးစွဲခြင်း၊ တည်ဆောက်ရေး လုပ်ငန်းများအပေါ် (၂၅%) လျာထားသော်လည်း (၅၀%) ပြီးစီးသဖြင့်ထုတ်ယူခဲ့ခြင်း စသည်တို့ကြောင့် လျာထား ချက်ထက် ပိုမိုသုံးစွဲခဲ့ခြင်းဖြစ်ပါသည်။

(ဂ) တိုင်းဒေသကြီး/ပြည်နယ်များတွင် တတိယ(၃) လပတ်၌ ရငွေပိုင်းတွင် သာမန်ရငွေနှင့် အခွန်အကောက်ရငွေများ လျာထားချက်ထက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်သော်လည်း ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေတွင် လျာထားချက်ထက် လျော့နည်းရရှိခဲ့ခြင်း၊ အသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းစသည်တို့ကို စိစစ်တွေ့ရှိရပါသဖြင့်လျာထားချက်နှင့် ပိုမိုနီးစပ်လာစေရန် ဆောင်ရွက်သင့်ပါကြောင်းနှင့် (၃)လပတ်အလိုက်လျာထားချက်များကိုနီးစပ်အောင်ထိန်းသိမ်းအကောင်အထည်ဖော်နိုင်မှသာ (၆)လပတ် စာရင်းများတွင်လည်းမူလလျာထားချက်နှင့်အမှန်အကောင်အထည်ဖော်နိုင်မှုကို ထပ်တူထပ်မျှဖြစ်သည်အထိ နီးစပ်လာစေမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။